# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## လူထုဖွံ့ဖြိုးရေးစင်တာ ဆောက်လုပ်ခြင်း




Foundation အတွက် မြေတူးရန် တိုင်းတာမှုပြုလုပ်ခဲ့သည်။ စမ်းသပ်ထားသော ကွန်ဂရစ်သည် ၇ ရက်ပြည့်ပြီ ဖြစ်သဖြင့် မာနူန်းစမ်းသတ်ချက် ၆၅ ရာခိုင်နှုန်း ပြည့်လျှင်စတင်အသုံးပြုနိုင်ပြီ ဖြစ်သည်။Concrete စမ်းသတ်မှု ၇ ရက်ပြည့်မာနူန်းစမ်းသတ်ချက် ၈၂ရာခိုင်နှုန်းရှိသဖြင့်foundationစတင်လောင်းရန်အတည်ပြုချက် ပေးသည်။ လုပ်သားအင်အား ၄၂ယောက်ခန့်အသုံးပြု၍ ဆောင်ရွက်သည်။Foundationမြေကိုဖိုထားမြေ၃ပေနှင့်မြေမှန် ၆ပေ စုစုပေါင်း ၉ ပေတူးရသည်။

## Community Center Construction




The construction workers provided a measurement to dig the land. The testing concrete is 7days concrete strength gained 65 percentages of trial mix design strength to start work. Consultants confirm to start work the foundation if the testing concrete is 7days concrete strength gained 82 percentages. Currently, 42 workers are working at this site. They dug the total 9 feet for foundation.

## လူထုဖွံ့ဖြိုးရေးစင်တာ ဆောက်လုပ်ရေးအတွက် အပတ်စဉ် အစည်းအဝေးများ



လူထုဖွံ့ဖြိုးရေးစင်တာကိုဆောက်လုပ်ရန် ဆောက်လုပ်မည့် ကုမ္ပဏီမှ လစဉ်လုပ်ငန်း လည်ပတ်မှုနှင့် ပက်သတ်သော အကြောင်းအရာများအား ရှင်းလင်းတင်ပြခြင်း ၊ အတိုင်ပင်ခံအဖွဲ့မှ ဆောက်လုပ်မည့်ကုမ္ပဏီကိုHealth,SecurityandEnvironmental (HSE)planကိုရေးသားတင်သွင်းရန်အသိပေးခြင်း၊Construction methodplanကိုtenderတင်ခဲ့စဉ်ကနှင့်အညီပြုစုရန်အသိပေးခြင်း၊ အသုံးပြုမည့်ပစ္စည်းများစာရင်းနှင့်လုပ်သားအင်အားကိုစာရင်းပြုစု ရန်အသိပေးခြင်း၊Monthlyprogressreportတွင်ပါဝင်ရမည့်အချက်များကို အတိုင်ပင်ခံအဖွဲ့မှ ရှင်းပြခြင်း၊ IRP Team သို့ CommunityCenter ဆောက်လုပ်ရန်မြေနေရာအတည်ပြုချက်ကို TSEZMCမှယူခိုင်းခြင်း၊အရည်အသွေးပိုင်းဆိုင်ရာအာမခံနိုင်မှုအတွက် ဆွဲထားသောပုံစံကိုအတည်ပြုခြင်း၊ Sub-constructor ကို main constructor က နေ့စဉ်ကြီးကြပ်မှုပြုလုပ်ရန် နှင့် Construction လုပ်မည့်အခါတိုင်း အတိုင်ပင်ခံအဖွဲ့၏ သဘောတူညီမှုရယူရန် တို့ ဖြစ်ပါသည် ။

## Weekly Meetings for Community Center Construction (June 2016)



The main contractor explained the monthly progress and schedule in the weekly meeting on June 2016. Consultants reminded the main contractor to submit Health, Security and Environmental (HSE) plan, to provide the construction method plan in accordance with tender documents, to develop a list of the number of workers and of the applied products. Moreover, the consultant group explained required criteria for monthly progress report. IRP Team would ask Thilawa SEZ Management Committee (TSEZMC) to confirm the project boundary. Consultant group also reminded the main contractor to confirm technical specifications in order to supervise sub – contractors in every working day and to get approval of Consultant before Commence.

## သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ပြန်လည်နေရာချထားရေး အစီအစဉ်အား ပြင်ပမှ လေ့လာစစ်တမ်းကောက်ခြင်း (၂၀၁၆ ဇွန်လ ၁၉)



ပြောင်းရွှေ့ခံလူထုအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် မူလဝင်ငွေ အခြေအနေသို့ ပြန်လည် ရောက်ရှိစေရေးအစီအစဉ်တို့၏ တိုးတက်မှု အခြေအနေကို လွတ်လပ်သော တတိယအဖွဲ့အစည်းမှ စောင့်ကြည့်အကဲဖြတ်ခြင်းကိုပြုလုပ်ပါသည်။တတိယအကြိမ်မြောက ပြင်ပမှ လေ့လာစစ်တမ်းကောက်ယူခြင်း အစီအစဉ်ကို ဇွန်လ ၁၉ ရက်မှစတင်၍ပြန်လည်နေရာချထားရေးနေရာတွင်စတင်ကောက်ခံခဲ့ ပါသည်။ ပြင်ပစစ်တမ်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ ပြောင်းရွှေ့လာသူများ၏လူမှုစီးပွားရေးအခြေအနေများပြောင်းလဲမှုကို စောင့်ကြည့်လေ့လာရန်၊ ပြန်လည်နေရာ ချထားရေး လုပ်ငန်းများ၏တိုးတက်မှုအခြေအနေနှင့် မူလဝင်ငွေ အခြေအနေသို့ ပြန်လည် ရောက်ရှိစေရေး လုပ်ငန်းစဉ် များ၏ အကျိုးရှိမှုတို့ အပေါ် အကဲဖြတ်ရန်တို့ ဖြစ်ပါသည်။

## 3rd External Monitoring of the resettlement program for Development of Thilawa Special Economic Zone (Phase 1 Area) (19 June 2016)



Regular monitoring and evaluation of the progress of the resettlement works and Income Restoration Program were conducted by independent third party, focusing on PAPs of the Phase 1. Data collection for 3rd external monitoring started at relocation site on 19th June 2016. The objective of 3rd external monitoring is to monitor changes of socio-economic conditions of PAPs during the interval period and to monitor the progress of resettlement works for PAPs so as to provide recommendations in the implementation of Resettlement Work Plan (RWP) and Income Restoration Program (IRP).